**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**ကုန်သွယ်ရေးဦးစီးဌာန**

၁။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ၏ ကုန်သွယ်ရေးအကူအညီပေးရေးအစီအစဉ် (Enhanced Integrated Framework – EIF) လုပ်ငန်းစဉ်အောက်ရှိ မြန်မာ့ဝန်ဆောင်မှုကုန်သွယ်ရေးကဏ္ဍ မြှင့်တင်ခြင်းစီမံကိန်း Tier 2 Project သည် ၂၀၁၉ ခုနှစ်၊ ဇွန်လမှ ၂၀၂၂ ခုနှစ် ဇွန်လအထိ (၃) နှစ်ကြာ သတ်မှတ်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းဖြစ်ပါသည်။ Tier 2 Project ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ Project အတွက် အချိန်ပိုင်း နိုင်ငံသားကျွမ်းကျင်ပညာရှင်များ အဖြစ် National Expert for Statistic Generation on Trade in Services နှင့် National Expert for the establishment of Public Private Dialogue (PPD) Mechanism ရာထူးနေရာများအား လျှောက်လွှာ ခေါ်ယူလိုပါသည်။ သတ်မှတ်အရည်အချင်းနှင့် ပြည့်မီသည့် စိတ်ပါဝင်စားသူများသည် ကိုယ်ရေးရာဇဝင်၊ အသေးစိတ်အချက်အလက်များနှင့်အတူ **(၃၀-၁၁-၂၀၂၀)** ရက်နေ့နောက်ဆုံး ထား၍ ပေးပို့လျှောက်ထားနိုင်ပါသည် -

| စဉ် | ရာထူး | လစ်လပ်နေရာ |
|---|---|---|
| (က) | ဝန်ဆောင်မှုကုန်သွယ်ရေးနှင့်စပ်လျဉ်းသည့်ကိန်းဂဏန်း အချက်အလက်များဆိုင်ရာကိစ္စရပ်များအကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် နိုင်ငံသားကျွမ်းကျင်ပညာရှင် (National Expert for Statistic Generation on Trade in Services) | (၁) နေရာ |
| (ခ) | ဝန်ဆောင်မှုကုန်သွယ်ရေးအပေါ်အစိုးရ-ပုဂ္ဂလိက ချိတ်ဆက် ဆွေးနွေးခြင်းဆိုင်ရာကိစ္စရပ်များအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံသားကျွမ်းကျင်ပညာရှင် (National Expert for the establishment of Public Private Dialogue (PPD) Mechanism) | (၁) နေရာ |

၂။ National Expert for Statistic Generation on Trade in Services ရာထူးနေရာအတွက် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီရန် လိုအပ်ပါသည် -

(၁) စာရင်းအင်းကိန်းဂဏန်းများ၊ ဖွံ့ဖြိုးတိုးတက်မှုဘာသာရပ်များ၊ နိုင်ငံတကာကုန်သွယ်မှု နှင့် စီးပွားရေးဘာသာရပ်တို့တွင် ဘွဲ့ (သို့မဟုတ်) မဟာဘွဲ့ ရရှိထားရမည်၊

(၂) သက်ဆိုင်ရာ ဘာသာရပ်နယ်ပယ်တွင် (ဝန်ဆောင်မှုကိန်းဂဏန်းဆိုင်ရာနယ်ပယ်) တွင် လုပ်သက်အတွေ့အကြုံ အနည်းဆုံး (၅) နှစ် ရှိရမည်၊

(၃) အာရှနှင့်ပစိဖိတ် ဒေသရှိအစိုးရများနှင့် လုပ်ငန်းအတွေ့အကြုံ ရှိရမည်၊

(၄) လွတ်လပ်သောကုန်သွယ်မှုဒေသများ၏ ဝန်ဆောင်မှုကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ်များနှင့်စပ်လျဉ်း၍ ကောင်းမွန်သောဗဟုသုတရှိရမည်၊

(၅) နိုင်ငံများ၏ GDP ၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိခြင်းနှင့် တင်ပို့မှုများနှင့်စပ်လျဉ်းသည့် ဝန်ဆောင်မှုလုပ်ငန်းများ၏အခန်းကဏ္ဍအပေါ် ဗဟုသုတရှိရမည်၊

(၆) ပို့ကုန်သဏ္ဍာန်ကွဲပြားမှုအတွက် အဓိကဝန်ဆောင်မှုကဏ္ဍများအပေါ် ကောင်းစွာနားလည်ရမည်၊

(၇) စာရင်းအင်းကိန်းဂဏန်းဆိုင်ရာ Software အပါအဝင် သတင်းအချက်အလက်နည်းပညာဆိုင်ရာ ဗဟုသုတရှိရမည်၊

(၈) နိုင်ငံသား၊ နိုင်ငံတကာရှိ အကျိုးစီးပွားသက်ဆိုင်သူများ (Stakeholders) နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းများ၊ ဆွေးနွေးညှိနှိုင်းခြင်းများ၊ အစိုးရဌာနများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းများအတွက် အတွေ့အကြုံရှိရမည်၊

(၉) ကိန်းဂဏန်းအချက်အလက်များခွဲခြမ်းစိတ်ဖြာခြင်းနှင့် အနက်အဓိပ္ပာယ်ပြန်ဆိုခြင်းဆိုင်ရာ လုပ်ငန်းများကိုကျွမ်းကျင်မှုရှိရမည်၊

(၁၀) အစီရင်ခံစာများကို မြန်မာ/ အင်္ဂလိပ် (၂) ဘာသာဖြင့် ရေးသားပြုစုနိုင်ရမည်၊

(၁၁)COVID 19 ရောဂါဖြစ်ပွားနေ၍ သက်ဆိုင်ရာအမိန့်ညွှန်ကြားချက်များကို လိုက်နာနေရသည့်ကာလအတွင်း Virtual System ဖြင့်လုပ်ငန်းဆောင်ရွက်ခြင်းများနှင့် အဆိုပါ အမိန့်ညွှန်ကြားချက်များဖြေလျှော့လိုက်သည့်ကာလတွင် လူကိုယ်တိုင် (တာဝန်သတ်မှတ်ပေးထားသောနေရာတွင်) လာရောက်၍ လုပ်ငန်းဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်နိုင်ရမည်၊

၃။ National Expert for the establishment of Public Private Dialogue (PPD) Mechanism ရာထူးနေရာအတွက် အောက်ပါ အရည်အချင်းများနှင့် ကိုက်ညီရန် လိုအပ်ပါသည် –

(၁) ဖွံ့ဖြိုးတိုးတက်မှုဘာသာရပ်များ၊ သတင်းအချက်အလက်နည်းပညာ၊ နိုင်ငံတကာကုန်သွယ်မှုနှင့် စီးပွားရေးဘာသာရပ်တို့တွင် ဘွဲ့ (သို့မဟုတ်) မဟာဘွဲ့ ရရှိထားရမည်၊

(၂) သက်ဆိုင်ရာ ဘာသာရပ်နယ်ပယ်တွင် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၅) နှစ်ရှိရမည်၊

(၃) PPD Platform အကောင်အထည်ဖော်ဆောင်ရွက်မှုတွင် အတွေ့အကြုံရှိသူဖြစ်ရမည်၊

(၄) လွတ်လပ်သောကုန်သွယ်မှုဒေသများ၏ ဝန်ဆောင်မှုကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ်များနှင့်စပ်လျဉ်း၍ ကောင်မွန်သောဗဟုသုတရှိရမည်၊

(၅) အခြားသောနိုင်ငံများ၏ အောင်မြင်သည့် PPD Mechanism များနှင့်စပ်လျဉ်း၍ ဗဟုသုတရှိရမည်၊

(၆) မြန်မာနိုင်ငံ၏ အဓိကဝန်ဆောင်မှုလုပ်ငန်းများဆိုင်ရာ ပို့ကုန်ကဏ္ဍများအပေါ် ကောင်းစွာ နားလည်ရမည်၊

(၇) ဝန်ဆောင်မှုကုန်သွယ်ရေးနယ်ပယ်၌ အစိုးရ-ပုဂ္ဂလိကကဏ္ဍများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ နိုင်ငံသား၊ နိုင်ငံတကာရှိ အကျိုးစီးပွားသက်ဆိုင်သူများ (Stakeholders) နှင့် ဆက်သွယ်ဆောင်ရွက်ခြင်းများတွင် အတွေ့အကြုံရှိရမည်၊

(၈) လေ့လာဆန်းစစ်ခြင်းနှင့် စီမံခန့်ခွဲခြင်းဆိုင်ရာ ကျွမ်းကျင်မှုရှိရမည်၊

(၉) အစီရင်ခံစာကို မြန်မာ/ အင်္ဂလိပ် (၂) ဘာသာဖြင့် ပြုစုရေးသားနိုင်ရမည်၊

(၁၀) COVID 19 ရောဂါဖြစ်ပွားနေ၍ သက်ဆိုင်ရာအမိန့်ညွှန်ကြားချက်များကို လိုက်နာနေရသည့်ကာလအတွင်း Virtual System ဖြင့်လုပ်ငန်းဆောင်ရွက်ခြင်းများနှင့် အဆိုပါ အမိန့်ညွှန်ကြားချက်များဖြေလျော့လိုက်သည့်ကာလတွင် လူကိုယ်တိုင် (တာဝန်သတ်မှတ်ပေးထားသောနေရာတွင်) လာရောက်၍ လုပ်ငန်းဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်နိုင်ရမည်၊

၄။ **တာဝန်ထမ်းဆောင်ရမည့်နေရာ**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ရုံးအမှတ် (၃) နေပြည်တော်သို့ အချိန်ပိုင်းတာဝန်ထမ်းဆောင်စဉ်ကာလအတွင်း လုပ်ငန်းလိုအပ်ချက်အပေါ် မူတည်၍ လာရောက်ရမည်။

၅။ အသေးစိတ်အချက်အလက်များကို စုံစမ်းလိုပါက ရုံးအမှတ် (၃)၊ ကုန်သွယ်ရေးဦးစီးဌာန၊ ဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်မှုဌာနခွဲ၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း ၀၆၇-၄၀၈၃၁၈၊ ၀၆၇-၄၀၈၃၂၀ တို့သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ကုန်သွယ်ရေးဦးစီးဌာန